ဒေါ်ခင်ကြည် – ဖောင်ဒေးရှင်း
အမှတ် (၅၄/၅၆)၊ တက္ကသိုလ်ရိပ်သာလမ်း၊
ဗဟန်းမြို့နယ်၊ ရန်ကုန်။

၁၅ရက် အောက်တိုဘာလ ၂၀၁၇ခုနှစ်

ဒေါ်အောင်ဆန်းစုကြည်
ဥက္ကဋ္ဌ
ဒေါ်ခင်ကြည်ဖောင်ဒေးရှင်း

**အကြောင်းအရာ -၂၀၁၇ခုနှစ် စက်တင်ဘာလအတွက် ရွေ့လျားစာကြည့်တိုက် တိုးတက်မှု အစီရင်ခံစာ**

၂၀၁၇ခုနှစ် စက်တင်ဘာလအတွက် **ကော့မှူး၊ နေပြည်တော်၊ ကလော၊ နတ်မောက်၊ မြောင်းမြ၊ အင်းစိန်၊ မွန္တလေးနှင့် မြစ်ကြီးနား** တို့တွင် ကျွန်ုပ်တို့၏ရွေ့လျားစာကြည့်တိုက် လုပ်ငန်းလည်ပတ်မှု တိုးတက်မှုအစီရင်ခံစာကို တင်ပြရခြင်းအတွက် ကျွန်ုပ်အနေဖြင့် ကျေနပ်ဝမ်းမြောက်ပါသည်။

## I. ကော့မှူးရွေ့လျားစာကြည့်တိုက်လုပ်ငန်းလည်ပတ်မှု

### I.A အသင်းဝင်

စက်တင်ဘာလကုန်အထိအသင်းဝင် (၁၈,၆၃၁) ဦးဖြစ်ပါသည်။
အသင်းဝင်နှုန်းထားသည် ၂၀၁၇ခုနှစ်ဩဂုတ်လမှ နှုန်းထားနှင့်အတူတူဖြစ်သည်။

### I.B စာအုပ်ငှားရမ်းမှု

လက်ရှိတွင် ကော့မှူး၌ စာအုပ်စုစုပေါင်း (၂၅,၀၀၀)အုပ်ကို စာရင်းပြုစုထားရှိပြီး ငှားရမ်းလည်ပတ်လျှက်ရှိပါသည်။ ၂၀၁၇ စက်တင်ဘာလအတွင်း စာအုပ်ငှားရမ်းမှုမှာ (၄,၇၁၀)ကြိမ် ဖြစ်ပါသည်။ ထို့ကြောင့်ကော့မှူးတွင် ၂၀၁၇ ဇူလိုင်လနှင့် နှိုင်းစာပါက စက်တင်ဘာလအတွင်း စာအုပ်ငှားရမ်းမှုမှာ (၈)% လျော့နည်းသွားပါသည်။ ကျောင်းသား/သူများသည် စက်တင်ဘာလအတွင်း စာမေးပွဲများ ဖြေဆိုနေသောကြောင့် စာငှားအနည်းငယ်ကျဆင်းရခြင်းဖြစ်ပါသည်။ ကော့မှူးတွင်

လုပ်ငန်းစတင်လည်ပတ်သော ၂၀၁၃ခုနှစ်ဇူလိုင်လ မှ ၂၀၁၇ ခုနှစ် စက်တင်ဘာလအထိ (၄နှစ်ကျော်အတွင်း) စာအုပ်ငှားရမ်းမှု စုစုပေါင်း (၃၇၀,၈၅၆)ကြိမ်အထိ ရှိခဲ့ပါသည်။ တစ်လလျှင် စာအုပ်ငှားရမ်းလည်ပတ်မှု ပျမ်းမျှအရေအတွက်မှာ (၇,၄၁၇.၁၂)ကြိမ်ဖြစ်ပြီး ပျမ်းမျှအားဖြင့် စာအုပ်တစ်အုပ်လျှင် (၁၅)ကြိမ်ခန့် ပျှမ်းမျှခြင်းအားဖြင့် ငှားရမ်းလည်ပတ်မှုရှိပါသည်။

အောက်ပါဇယားသည် ကော့မှူးရွှေ့လျားစာကြည့်တိုက်၏ လောလောဆယ် လှည့်လည်ရောက်ရှိနေသည့် ကျေးရွာအရေ အတွက် ဖြစ်ပါသည်။

| *လက်ရှိကျေးရွာများ*MBL - ကော့မှူး | |
|---|---|
| MBL - ဘတ်စ် ၁ | ၂၀ ရွာ |
| MBL -ဘတ်စ် ၂ | ၁၄ရွာ |
| ထပ်ဆင့်ငှားဌာနခွဲ | ၁၆ရွာ |
| ကျေးရွာစုစုပေါင်း | ၅၀ ရွာ |

## II.နေပြည်တော်ရွှေ့လျားစာကြည့်တိုက်လုပ်ငန်းလည်ပတ်မှု

### II.A အသင်းဝင်

နေပြည်တော်တွင်၂၀၁၇ခုနှစ် စက်တင်ဘာလကုန်အထိ (၁၃,၉၇၀) ဦးအသင်းဝင်ရှိပါသည်။
အသင်းဝင်နှုန်းထားသည် ၂၀၁၇ခုနှစ် ဩဂုတ်လမှ နှုန်းထားနှင့် အတူတူဖြစ်သည်။

### II.B စာအုပ်ငှားရမ်းမှု

နေပြည်တော်ရုံးတွင်စာအုပ် (၂၀,၉၆၆)အုပ်ကို ငှားရမ်းလည်ပတ်လျှက်ရှိပါသည်။ စက်တင်ဘာလအတွက် စာအုပ်ငှားရမ်းမှု အကြိမ်မှာ (၃၇၈၉)ကြိမ်ဖြစ်ပါသည်။ ထို့ကြောင့်၂၀၁၇ခုနှစ် ဇူလိုင်လနှင့်စာပါက စက်တင်ဘာလအတွင်း စာအုပ်ငှားရမ်းမှုမှာ (၃၇)% တိုးတက်မှုရှိပါသည်။

နေပြည်တော်လုပ်ငန်း စတင်လည်ပတ်သည့်မှ (၄၃) လအတွင်း စာအုပ်ငှားရမ်းမှုအကြိမ် စုစုပေါင်း (၃၁၂,၂၈၀) ရှိပါသည်။ ထို့ကြောင့် တစ်လပျမ်းမျှ ငှားရမ်းမှုအရေအတွက်မှာ (၇,၂၆၂.၃၃)ကြိမ်ဖြစ်ပြီး ပျမ်းမျှအားဖြင့် စာအုပ်တစ်အုပ်လျှင် ၁၅ကြိမ်ခန့် ငှားရမ်းလည်ပတ်မှုရှိပါသည်။

နေပြည်တော်ရွှေ့လျားစာကြည့်တိုက်မှ ယခုလက်ရှိဝန်ဆောင်မှုပေးလျှက်ရှိသည့် ကျေးရွာအရေအတွက်ကို အောက်တွင်ဖော်ပြထားပါသည်။

| *လက်ရှိကျေးရွာများ*MBL - နေပြည်တော် | |
|---|---|
| နေပြည်တော် | ၂၅ရွာ |
| ပျဉ်းမနား | ၂၀ရွာ |
| ထပ်ဆင့်ငှားဌာနခွဲ | ၁၅ရွာ |
| ကျေးရွာစုစုပေါင်း | ၆၀ရွာ |

## III. ကလောရွှေ့လျားစာကြည့်တိုက်လုပ်ငန်းလည်ပတ်မှု

စာအုပ်(၁၃,၄၃၇)အုပ်ကို စာရင်းပြုစုထားရှိပြီး ငှားရမ်းလည်ပတ်လျှက်ရှိပါသည်။ စာကြည့်တိုက်များ၊ ရပ်ရွာထဲရှိအများပြည်သူစုဝေးရာနေရာများ၊ ဘုန်းကြီးကျောင်းများနှင့် ရုံးများအပါအဝင် နေရာ (၅၀) သို့ လှည့်လည်ရောက်ရှိနေပါသည်။ ရွှေ့လျားစာကြည့်တိုက် ဘတ်စ်ကားများသည် ညောင်ရွှေ၊ ပင်းတယနှင့် ရွာငံမြို့နယ်များသို့လည်း ရောက်ရှိဝန်ဆောင်မှုပေးလျှက်ရှိပါသည်။

### III.A အသင်းဝင်

ကလောတွင်၂၀၁၇ခုနှစ် စက်တင်ဘာလကုန်အထိ (၁၂,၅၆၄) ဦး အသင်းဝင်ရှိပါသည်။

### III.B စာအုပ်ငှားရမ်းမှု

စက်တင်ဘာလအတွက် စာအုပ်ငှားရမ်းမှုမှာ (၃၆၅၆)ကြိမ် ဖြစ်ပါသည်။ ထို့ကြောင့်၂၀၁၇ဇူလိုင်လနှင့် စာပါက စက်တင်ဘာလအတွင်း စာအုပ်ငှားရမ်းမှုမှာ (၄၄)% လျော့နည်းသွားပါသည်။ ကျောင်းသား/သူများသည် စက်တင်ဘာလအတွင်း စာမေးပွဲများဖြေဆိုနေသောကြောင့် စာငှားအနည်းငယ်ကျဆင်းရခြင်း ဖြစ်ပါသည်။ ၂၀၁၅ ဖေဖော်ဝါရီလ မှ ၂၀၁၇ စက်တင်ဘာလအထိ (၃၂)လအတွင်း စုစုပေါင်းစာအုပ် (၁၂၈,၈၄၁)ကို ငှားရမ်းခဲ့ရပါသည်။ ထို့ကြောင့် တစ်လပျမ်းမျှစာအုပ်ငှားရမ်းမှု ကြိမ်ရေမှာ (၄,၀၂၆.၂၈)ကြိမ်ဖြစ်ပြီး ပျမ်းမျှအားဖြင့် စာအုပ်တစ်အုပ်လျှင် ၉.၅၉ကြိမ် ငှားရမ်းလည်ပတ်မှုရှိပါသည်။

ကလောမှ လက်ရှိစာအုပ်ငှားရမ်းလည်ပတ်မှု ဆောင်ရွက်နေသော ကျေးရွာအရေအတွက်ကို အောက်တွင်ဖော်ပြထားပါသည်။

| *လက်ရှိကျေးရွာများ*MBL - ကလော | |
|---|---|
| MBL - ဘတ်စ် ၁ | ၁၈ရွာ |
| MBL - ဘတ်စ် ၂ | ၁၄ရွာ |
| ထပ်ဆင့်ငှားဌာနခွဲ | ၁၈ရွာ |
| ရွာစုစုပေါင်း | ၅၀ ရွာ |

## IV.နတ်မောက်ရွှေ့လျားစာကြည့်တိုက်လုပ်ငန်းလည်ပတ်မှု

၂၀၁၇ စက်တင်ဘာလတွင် နတ်မောက်၌ လုပ်ငန်းလည်ပတ်မှု ကောင်းမွန်နေပါသည်။ လက်ရှိတွင် နတ်မောက်၌ စာအုပ်စုစုပေါင်း (၁၂,၀၄၁)ကို စာရင်းပြုစုထားရှိပြီး ငှားရမ်းလည်ပတ်လျှက်ရှိပါသည်။

### IV.A အသင်းဝင်

နတ်မောက်တွင် ၂၀၁၇ခုနှစ် စက်တင်ဘာလကုန်အထိ (၁၀,၀၁၉)ဦး အသင်းဝင်ရှိပါသည်။ အသင်းဝင်နှုန်းထားသည် ၂၀၁၇ခုနှစ် ဇူလိုင်လမှ နှုန်းထားနှင့် အတူတူဖြစ်ပါသည်။

### IV.B စာအုပ်ငှားရမ်းမှု

နတ်မောက် - ၂၆၃၄ ကြိမ်

၂၀၁၇ခုနှစ် ဇူလိုင်လနှင့် နှိုင်းယှဉ်ပါက စက်တင်ဘာလအတွင်း စာအုပ်ငှားရမ်းမှုမှာ(၂၆)% လျော့နည်းသွားပါသည်။ ကျောင်းသား/သူများသည် စက်တင်ဘာလအတွင်း စာမေးပွဲများဖြေဆိုနေသောကြောင့် စာငှားအနည်းငယ်ကျဆင်းရခြင်း ဖြစ်ပါသည်။ ၂၀၁၅ခုနှစ် အောက်တိုဘာလ လုပ်ငန်းစတင်ချိန်မှစကာ (၂၆လအတွင်း) စုစုပေါင်းစာအုပ်(၈၂,၇၉၂)ကို ပြည်သူလူထုက ငှားရမ်းခဲ့ပါသည်။

ထို့ကြောင့် တစ်လပျမ်းမျှ စာအုပ်ငှားရမ်းမှုအကြိမ်ရေမှာ (၃,၁၈၄.၃၁)ကြိမ်ဖြစ်ပြီး ပျမ်းမျှအားဖြင့် စာအုပ်တစ်အုပ်လျှင် ၆.၈၇ကြိမ် ငှားရမ်းလည်ပတ်မှု ရှိပါသည်။

နတ်မောက်မှ လက်ရှိစာအုပ်ငှားရမ်းလည်ပတ်မှုဆောင်ရွက်နေသော ကျေးရွာအရေအတွက်ကိုအောက်တွင်ဖော်ပြထားပါသည်။

| *လက်ရှိကျေးရွာများ*MBL - နတ်မောက် | |
|---|---|
| MBL - ဘတ်စ် | ၂၆ရွာ |
| ထပ်ဆင့်ငှားဌာနခွဲ | ၅ရွာ |
| ကျေးရွာစုစုပေါင်း | ၃၁ ရွာ |

## V.မြောင်းမြရွေ့လျားစာကြည့်တိုက်လုပ်ငန်းလည်ပတ်မှု

၂၀၁၇ စက်တင်ဘာလတွင် မြောင်းမြ၌ လုပ်ငန်းလည်ပတ်မှု ကောင်းမွန်နေပါသည်။ လက်ရှိတွင် မြောင်းမြ၌ စုစုပေါင်းစာအုပ် (၈,၄၃၆) အုပ်ကို စာရင်းပြုစုထားရှိပြီး ငှားရမ်းလည်ပတ်လျှက် ရှိပါသည်။

### V.A အသင်းဝင်

မြောင်းမြတွင် -၂၀၁၇ခုနှစ် စက်တင်ဘာလကုန်အထိ (၄,၉၆၀) ဦး အသင်းဝင် ရှိပါသည်။ ၂၀၁၇ခုနှစ် ဇူလိုင်လနှင့်စာလျှင် စက်တင်ဘာလအတွင်း အဖွဲ့ဝင်(၁.၈)% တိုးလာပါသည်။ ကျွန်ုပ်တို့သည် မြောင်းမြတွင် ရပ်ရွာ၏ထောက်ပံ့ကူညီမှု အပြည့်အဝရရှိပါသည်။

### V.B စာအုပ်ငှားရမ်းမှု

မြောင်းမြ - (၄,၁၈၃)ကြိမ်

၂၀၁၇ ခုနှစ် ဇူလိုင်လနှင့် နှိုင်းစာပါက စက်တင်ဘာလအတွင်း စာအုပ်ငှားရမ်းမှုမှာ (၁၂.၉)% တိုးတက်မှုရှိပါသည်။ လုပ်ငန်းစတင်သော ဖေဖော်ဝါရီ ၂၀၁၆ မှစပြီး (၂၀-လအတွင်း) စုစုပေါင်းစာအုပ် (၆၇,၂၈၈)ကို လူထုကငှားရမ်းခဲ့ပါသည်။ ထို့ကြောင့် တစ်လပျမ်းမျှ စာအုပ်ငှားရမ်းမှု အကြိမ်ရေ(၃,၃၆၄.၄၀)ရှိပြီး ပျမ်းမျှအားဖြင့် စာအုပ်တစ်အုပ်လျှင် ၇.၉၇ ကြိမ် ငှားရမ်းလည်ပတ်မှု ရှိပါသည်။

မြောင်းမြမှလက်ရှိ စာအုပ်ငှားရမ်းလည်ပတ်မှု ဆောင်ရွက်နေသော ကျေးရွာအရေအတွက်ကို အောက်တွင် ဖော်ပြထားပါသည်။

| *လက်ရှိကျေးရွာများ* MBL - မြောင်းမြ | |
|---|---|
| MBL - ဘတ်စ် | ၂၁ရွာ |
| ထပ်ဆင့်ငှားဌာနခွဲ | ၁၀ရွာ |

| ကျေးရွာစုစုပေါင်း | ၃၁ရွာ |
|---|---|

## VI.အင်းစိန်ရွေ့လျားစာကြည့်တိုက်လုပ်ငန်းလည်ပတ်မှု

လက်ရှိတွင်အင်းစိန်၌ စာအုပ်(၁၂,၁၆၀)အုပ်ကို စာရင်းပြုစုထားရှိပြီး ငှားရမ်းလည်ပတ်လျှက် ရှိပါသည်။

### VI.A အသင်းဝင်

အင်းစိန် - (၁၆,၇၈၅)ဦး

၂၀၁၇ ဇူလိုင်လနှင့် စာလျှင် စက်တင်ဘာလအတွင်း အဖွဲ့ဝင်(၆.၅)%ခန့် တိုးလာပါသည်။

### VI.B စာအုပ်ငှားရမ်းမှု

အင်းစိန် - (၃,၅၆၆) ကြိမ်

၂၀၁၇ခုနှစ် ဇူလိုင်လနှင့် နှိုင်းစာပါက စက်တင်ဘာလအတွင်း စာအုပ်ငှားရမ်းမှုမှာ (၃၅)% လျော့နည်းသွားပါသည်။ ကျောင်းသား/သူများသည် စက်တင်ဘာလအတွင်း စာမေးပွဲများဖြေဆိုနေသောကြောင့် စာငှားအနည်းငယ်ကျဆင်းရခြင်း ဖြစ်ပါသည်။ လုပ်ငန်းစတင်သော ဩဂုတ်လ ၂၀၁၆မှစပြီး (၁၄လအတွင်း) စုစုပေါင်းစာအုပ် (၅၅,၈၉၃)ကို လူထုကငှားရမ်းခဲ့ပါသည်။

ထို့ကြောင့် တစ်လပျမ်းမျှ စာအုပ်ငှားရမ်းမှုအကြိမ်ရေ (၃၉၉၂.၃၆)ရှိပြီး ပျမ်းမျှအားဖြင့် စာအုပ်တစ်အုပ်လျှင် ၄.၅၉ကြိမ် ငှားရမ်းလည်ပတ်မှု ရှိပါသည်။

အင်းစိန် မှ လက်ရှိစာအုပ်ငှားရမ်းလည်ပတ်မှု ဆောင်ရွက်နေသော ကျေးရွာအရေအတွက်ကို အောက်တွင် ဖော်ပြထားပါသည်။

| *လက်ရှိကျေးရွာများ*MBL - အင်းစိန် | |
|---|---|
| MBL - ဘတ်စ် | ၃၃နေရာ |
| ထပ်ဆင့်ငှားဌာနခွဲ | ၅နေရာ |

| ကျေးရွာစုစုပေါင်း | ၃၈နေရာ |
| --- | --- |

## VII.မန္တလေး ရွှေ့လျားစာကြည့်တိုက် လုပ်ငန်းလည်ပတ်မှု

မန္တလေး ရွှေ့လျားစာကြည့်တိုက် ဝန်ဆောင်မှုလုပ်ငန်းများကို ၁၈-၉-၂၀၁၇ ရက်နေ့မှ စတင်ဆောင်ရွက်ခဲ့ပြီး မန္တလေးတိုင်းအတွင်းရှိ မြို့နယ် (၇)မြို့နယ်အတွင်းရှိ စာသင်ကျောင်း (၂၀) သို့ လှည့်လည်ဝန်ဆောင်မှုပေးလျှက်ရှိပြီး စာအုပ်စုစုပေါင်း (၃၀,၀၀)အုပ်ဖြင့် စတင်ငှားရမ်းလည်ပတ်လျှက် ရှိပါသည်။

### VII.A အသင်းဝင်

ရွှေ့လျားစာကြည့်တိုက် စတင်ဆောင်ရွက်သည်မှ နှစ်ပတ်အတွင်း အသင်းဝင်ဦးရေမှာ - (၁,၅၇၅)ဦး ဖြစ်ပါသည်။

### VII.B စာအုပ်ငှားရမ်းမှု

လုပ်ငန်းစတင်သည်မှ နှစ်ပတ်အတွင်း စုစုပေါင်းစာအုပ် (၂,၆၃၈)ကို လူထုကငှားရမ်းခဲ့ပါသည်။

## VIII.မြစ်ကြီးနား ရွှေ့လျားစာကြည့်တိုက်လုပ်ငန်း လည်ပတ်မှု

မြစ်ကြီးနား ရွှေ့လျားစာကြည့်တိုက် ဝန်ဆောင်မှု လုပ်ငန်းများကို ၂၁-၉-၂၀၁၇ ရက်နေ့မှ စတင်ဆောင်ရွက်ခဲ့ပြီး မြစ်ကြီးနားနှင့် ဝိုင်းမော်မြို့နယ်အတွင်းရှိ စာသင်ကျောင်းများ၊ ပညာရေးကောလိပ်၊ အကျဉ်းထောင် အစရှိသည့် နေရာ (၂၀) သို့ လှည့်လည် ဝန်ဆောင်မှုပေးလျှက်ရှိပြီး စာအုပ်စုစုပေါင်း (၃၀,၀၀)အုပ်ဖြင့် စတင်ငှားရမ်းလည်ပတ်လျှက် ရှိပါသည်။

### VIII.A အသင်းဝင်

ရွှေ့လျားစာကြည့်တိုက် စတင်ဆောင်ရွက်သည်မှ တစ်ပတ်အတွင်း အသင်းဝင်ဦးရေမှာ - (၇၀၂)ဦး ဖြစ်ပါသည်။

### VIII.B စာအုပ်ငှားရမ်းမှု

လုပ်ငန်းစတင်သည်မှ တစ်ပတ်အတွင်း စုစုပေါင်းစာအုပ် (၁,၃၉၈)ကို လူထုကငှားရမ်းခဲ့ပါသည်။

၂၀၁၆ခုနှစ် စက်တင်ဘာလမှစပြီး လက်ရှိအဖွဲ့ဝင်ဦးရေ၊ ငှားရမ်းလည်ပတ်မှု နှုန်းထားတို့ကိုပြသည့် အောက်ပါဇယားကွက်များကို ကျေးဇူးပြုပြီးကြည့်ပါ။




MBL: Monthy Total Circulation Status at Various Centres for Past One Year
400,000
350,000
300,000
250,000
200,000
150,000
100,000
50,000
-
Sep' 16
Oct' 16
Nov' 16
Dec' 16
Jan' 17
Feb' 17
Mar' 17
April' 17
May' 17
June' 17
July' 17
Aug' 17
Sep' 17
Kaw Hmu
Nay Pyi Taw
Kalaw
Nat Mauk
Myaung Mya
Insein
Mandalay
Myitkyina


Accumulated Circulation Status at Various Centre
400,000
350,000
300,000
250,000
200,000
150,000
100,000
50,000
-
Kaw Hmu
Nay Pyi Taw
Kalaw
Nat Mauk
Myaung Mya
Insein
Mandalay
Myitkyina




## IX.အခြားလုပ်ငန်းများ

### IX.A .ကွန်ပျူတာသင်တန်းများ

အောက်ပါဇယားသည် အခြေခံအိုင်စီတီသင်တန်းကိုလက်ရှိတက်ရောက်နေသည့် သင်တန်းသားအရေအတွက်နှင့် သင်တန်းပြီးသွားသော သင်တန်းသားအရေအတွက်တို့ကိုဖော်ပြပါသည်။

ရွှေ့လျားစာကြည့်တိုက်များရှိကွန်ပျူတာသင်တန်းများ

| စဉ် | စာကြည့်တိုက် အမည် | လက်ရှိ အမှတ်စဉ် | စာရင်း သွင်း သင် တန်း သား | ပြီးခဲ့သောသင် တန်းအမှတ်စဉ် များ | တက် ရောက် သင် တန်း သား | သင်တန်း ပြီးမြောက် သူ အရေ အတွက် | မှတ်ချက် |
|---|---|---|---|---|---|---|---|
| ၁ | ကော့မှူး | အမှတ်စဉ်-၂၀ | ၁၁၇၆ | အမှတ်စဉ်-၁၉ | ၁၁၇၆ | ၈၁၁ | အမှတ်စဉ်-၂၀ တက်ရောက်ဆဲ |
| ၂ | နေပြည်တော် | အမှတ်စဉ်-၄ | ၈၇ | အမှတ်စဉ်-၃ | ၈၇ | ၃၄ | အမှတ်စဉ်-၄ တက်ရောက်ဆဲ |
| ၃ | ကလော | အမှတ်စဉ်-၈ | ၂၄၁ | အမှတ်စဉ်-၈ | ၂၄၁ | ၁၉၆ | |
| ၄ | နတ်မောက် (Central) | အမှတ်စဉ်-၁၁ | ၂၀၄ | အမှတ်စဉ်-၉ | ၂၀၄ | ၁၇၃ | အမှတ်စဉ်-၁၁ တက်ရောက်ဆဲ |
| | နတ်မောက် (Myothit) | အမှတ်စဉ်-၇ | ၁၄၀ | အမှတ်စဉ်-၆ | ၁၄၀ | ၁၃၂ | |
| ၅ | မြောင်းမြ | အမှတ်စဉ်-၇ | ၂၄၃ | အမှတ်စဉ်-၅ | ၂၄၃ | ၂၁၈ | |
| ၆ | အင်းစိန် | အမှတ်စဉ်-၄ | ၁၁၂ | အမှတ်စဉ်-၃ | ၁၁၂ | ၇၉ | |
| ၇။ | မြစ်ကြီးနား | အမှတ်စဉ်-၁ | ၂၀ | အမှတ်စဉ်-၁ | ၂၀ | | အမှတ်စဉ်-၁ တက်ရောက်ဆဲ |

**IX.B. ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့်ပူးပေါင်းဆောင်ရွက်ခြင်း**

အသစ်ပြင်ဆင်ပြီးဖြစ်၍ လူထုအခြေပြုဗဟိုဌာနများအဖြစ် အဆင့်မြှင့်တင်ပြီးဖြစ်သော အင်းစိန်၊ မြောင်းမြ၊ နတ်မောက်၊ နေပြည်တော်၊ မြစ်ကြီးနားနှင့် မန္တလေးပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးရုံးများတွင် ကလေးများအတွက် ပန်းချီနှင့် ဆေးရောင်ချယ် ပြိုင်ပွဲများ၊ ပုံပြောပြိုင်ပွဲများ၊ ဖတ်/မှတ်စွမ်းရည်ပြိုင်ပွဲများ ကျင်းပခြင်း၊ စာစီစာကုံးပြိုင်ပွဲများကျင်းပခြင်းနှင့် Book Club / Youth Club / Woman Club များဖွဲ့စည်းကာ စာပေစကားဝိုင်းနှင့် စာဖတ်ဝိုင်းဆွေးနွေးပွဲများကျင်းပခြင်း၊ ကရာတေးဒိုသင်တန်းများ ဖွင့်လှစ်ပေးခြင်းအပြင် မြန်မာစာပေ၊ ဝတ္ထု၊ ဘာသာပြန်နှင့် သတင်းရေးသားနည်းသင်တန်းကို အင်းစိန်မြို့နယ်တွင် ဖွင့်လှစ်သင်ကြားပေးလျှက်ရှိပါသည်။

"အခြေခံ ကွန်ပျူတာသင်တန်းများကို ရွှေ့လျားစာကြည့်တိုက်များ အားလုံးတွင် အခမဲ့သင်ကြားပေးလျှက်ရှိရာ စာကြည့်တိုက်လုပ်ငန်းများ၊ လူမှုရေးလုပ်ငန်းများကို စိတ်ပါဝင်စားသူများကလည်း စေတနာ့ဝန်ထမ်းအဖြစ် တစ်ပတ်လျှင်တစ်ရက် ရွှေ့လျားစာကြည့်တိုက်နှင့် လူထုအခြေပြုလုပ်ငန်းများ၊ အခမဲ့ဖွင့်လှစ်သင်ကြားပေးနေသော သင်တန်းများတွင် ကူညီဆောင်ရွက်လျှက်ရှိပါသည်။

## IX.C. လူထုအခြေပြုဗဟိုဌာန (Community Centre) နှင့် ရွှေ့လျားစာကြည့်တိုက်များထပ်မံတိုးချဲ့နိုင်ရန်ဆောင်ရွက်ခြင်း

ဒေါ်ခင်ကြည်ဖောင်ဒေးရှင်း ရွှေ့လျားစာကြည့်တိုက်စီမံကိန်းက ရန်ကုန်တိုင်း အင်းစိန်မြို့နယ်၊ ဧရာဝတီတိုင်း မြောင်းမြမြို့နယ်၊ မကွေးတိုင်း နတ်မောက်မြို့နယ်၊ နေပြည်တော် ပျဉ်းမနားမြို့နယ်၊ ကချင်ပြည်နယ် မြစ်ကြီးနားမြို့နှင့် မန္တလေးတိုင်း ပြည်ကြီးတံခွန်မြို့နယ်တို့တွင် ပြန်/ဆက်ဦးစီးဌာနနှင့် ပူးပေါင်းကာ လူထုအခြေပြုဗဟိုဌာန (Community Centre) နှင့် ရွှေ့လျားစာကြည့်တိုက်များ အဖြစ်အဆင့်မြှင့်တင် ဖွင့်လှစ်ခဲ့ပြီးဖြစ်ပါသည်။

အခြားပြည်နယ်များနှင့်တိုင်းများတွင် လူထုအခြေပြုဗဟိုဌာန (Community Centre) နှင့် ရွှေ့လျားစာကြည့်တိုက်များ ထပ်မံတိုးချဲ့နိုင်ရန် ဆောင်ရွက်လျှက်ရှိရာ ကရင်ပြည်နယ် ဖားအံမြို့နှင့် တနင်္သာရီတိုင်း ထားဝယ်မြို့တို့တွင် ဆက်လက် ဖွင့်လှစ်သွားရန် စီစဉ်ဆောင်ရွက်လျှက်ရှိပါသည်။

နိဂုံးချုပ်ရပါက ရွှေ့လျားစာကြည့်တိုက်စီမံကိန်းနှင့် လုပ်ငန်းလည်ပတ်ရာနေရာ အားလုံးရှိ ယင်း၏အမျိုးမျိုးသော ပြုဖွယ်ဆောင်တာများကို ချောချောမွေ့မွေ့ အောင်အောင်မြင်မြင် ဆောင်ရွက်လည်ပတ်နေပါသည်။

လေးစားစွာဖြင့်



ဒေါက်တာသန့်သော်ကောင်း
အမှုဆောင်ကော်မတီအဖွဲ့ဝင်
ဒေါ်ခင်ကြည်ဖောင်ဒေးရှင်း